**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ လူမှုကွန်ရက်ပေါ်မှ အချက်အလက်အမှားများကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခြင်း**

**နိဒါန်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ **၃၁-၁-၂၀၂၆** ရက်စွဲပါ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တင်ဒါခေါ်ယူခဲ့ပါသည်။ အဆိုပါ တင်ဒါကြော်ငြာ တွင် အောက်ပါအတိုင်း ပါဝင်ပါသည် -

- **အပိုဒ် (၁) :** “ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အင်းစိန်မြို့နယ်၊ အဆင့်မြင့်လက်ကားဈေး (တညင်းကုန်း) စီမံကိန်းမှ (၂) ခန်းတွဲ (၃) ထပ်တိုက် Shop House ဆိုင်ခန်းအဆောက်အအုံ (၄) လုံး ရောင်းချရန်နှင့် ပွဲရုံစခန်းများမှ ယာဉ်ဝင်ခ၊ သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်း (၅၇) ခုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် (၁-၄-၂၀၂၆ မှ ၃၁-၃-၂၀၂၇ ထိ) ဒုတိယအကြိမ် အငှားချထားရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။”
- **အပိုဒ် ၃၊ (က) :** (၂) ခန်းတွဲ (၃) ထပ်တိုက် Shop House အဆောက်အအုံ (၄) လုံးနှင့် ဈေးယာဉ်/သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများ။
- **အပိုဒ် ၃၊ (ခ) :** ပွဲရုံစခန်းများရှိ လုပ်ငန်းများ။

၂။ အဆိုပါ တင်ဒါခေါ်ယူသည့်ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (ဈေးများဌာန) ထံ ဆက်သွယ်စုံစမ်းခဲ့ရာတွင်လည်း -

“တင်ဒါခေါ်ယူသည့် လုပ်ငန်း (၅၇) ခုသည် ရန်ကုန်မြို့တစ်ခွင်ရှိ အခြားသော စည်ပင်ပိုင်ဈေး များ အတွက်သာဖြစ်ပြီး တညင်းကုန်းလက်ကားဈေးကြီး တစ်ခုတည်းမှ လုပ်ငန်းများ မဟုတ်ကြောင်းနှင့် တင်ဒါခေါ်ယူရာတွင် တညင်းကုန်းလက်ကားဈေးမှ လုပ်ငန်းသဘောတူ စာချုပ်အရ ယခုနှစ်အတွင်း အပ်နှံပြီးဖြစ်သော Shop House (၄) လုံးသာ ပါဝင်ကြောင်း” အတည်ပြုပြောကြားခဲ့ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1- 7503928, 7503929, 09-889955485 , 09-883016868

**MAEX မှ လုပ်ငန်းသဘောတူစာချုပ်အရ YCDC သို့ Shop House များ အပ်နှံပြီးစီးမှု**

၃။ တင်ဒါခေါ်ယူမှုတွင် ပါဝင်သော Shop House (၄) လုံးသည် Myanmar Agro Exchange Public Co., Ltd (MAEX) မှ လုပ်ငန်းသဘောတူစာချုပ်အရ YCDC (ဈေးများဌာန) သို့ ယခုနှစ်အတွင်း အပ်နှံရမည့် အဆောက်အအုံများ [(၂) ခန်းတွဲ (၃) ထပ်တိုက် Shop House ဆိုင်ခန်းအဆောက်အအုံ (၄) လုံး (D1, D2, D3, D4)] ဖြစ်ပြီး **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့**တွင် လွှဲပြောင်းအပ်နှံပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

**လူမှုကွန်ရက်ပေါ်မှ အချက်အလက်အမှားများကို ရှင်းလင်းတင်ပြခြင်း**

၄။ အဆိုပါ တင်ဒါကြေညာချက်ကို သတင်းမီဒီယာအချို့နှင့် ဆိုရှယ်မီဒီယာများပေါ်တွင် **"တည်းကုန်း အဆင့်မြင့်လက်ကားဈေးကြီးမှ လုပ်ငန်း ၅၇ ခုအတွက် လုပ်ကိုင်ခွင့်တင်ဒါ ခေါ်ယူနေကြောင်း"** ဟု အချက်အလက်များကို လွဲမှားစွာ ကောက်ချက်ချဖော်ပြနေခြင်းသာ ဖြစ်ပါသည်။

**နိဂုံးချုပ်**

၅။ သို့ဖြစ်ပါ၍ **တည်းကုန်းလက်ကားဈေးကြီးအတွင်းရှိ ဈေးယာဉ်ဝင်ခနှင့် သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများအပါအဝင် အခြားသော စီမံကိန်းလုပ်ငန်းများသည်လည်း ပုံမှန်အတိုင်း လည်ပတ်လျက်ရှိပါကြောင်း** အသိပေးအပ်ပါသည်။ မိမိတို့ကုမ္ပဏီအနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို အစဉ်ရှေးရှုလျက်ရှိပြီး စီမံကိန်းလုပ်ငန်းလည်ပတ်မှုအပေါ် စိုးရိမ်ပူပန်မှုမရှိစေရန် အတွက် ပွင့်လင်းမြင်သာစွာ အသိပေးထုတ်ပြန်အပ်ပါသည်။

**စီမံခန့်ခွဲရေးအဖွဲ့**

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**